# သာသနာတော်အတွက် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏

# မေတ္တာရပ်ခံစာ



မဟာစည်ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ

သာသနာ့ရိပ်သာ
၁၆၊ ဟာမင်တိတ်လမ်း
ရန်ကုန်မြို့
နေ့စွဲ ၁၄၊ ၁၂၊ ၇၇

သို့

ဥက္ကဋ္ဌ
တိုင်းပြည်သူ့ကောင်စီ
ပဲခူးတိုင်း ၊ ပဲခူးမြို့

ဆရာတော် မေတ္တာရပ်ခံလိုက်ပါသည်။

ပဲခူးတိုင်း၊ ဒိုက်ဦးမြို့၊ မဟာစည်သာသနာ့ရိပ်သာ၌ ယခုနှစ်ပိုင်းက (သရက်အောင်မင်္ဂလာ) အရှင်စန္ဒာဝရ အား ပဓာနကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် စောင့်ရှောက်လျက် သာသနာပြုရန် စေလွှတ်တာဝန်ပေးထားခဲ့ပါသည်၊ ယင်းအရှင်စန္ဒာဝရ၏ ဆောင်ရွက်ချက်ဖြင့် ဒိုက်ဦး မဟာစည်သာသနာ့ရိပ်သာ၌ ပဋိပတ်ဘက်က အထူးတိုးတက်ခဲ့ပါသည်။

သို့ဖြစ်၍ ယင်းရိပ်သာ ဆိုင်ရာ မဟာသတိပဋ္ဌာန်ဘာဂ နန္ဒအသင်း အဖွဲ့ဝင်အများစုက ယင်းအရှင်စန္ဒာဝရကိုပင် ဒိုက်ဦးရိပ်သာ၌ ဆက်လက်စောင့်သွားရန်လိုလားကြသောကြောင့် ဆရာတော်ကလည်း ပဋိပတ္တိသာသနာတော်ကို သာအလေးပြုလျက် အရှင်စန္ဒာဝရကိုပင် ဒိုက်ဦးမဟာစည်သာသနာ့ရိပ်သာ၌ ပဓာနနာယကအဖြစ်ဖြင့် ဆက်လက်စောင့်ရှောက်လျက် ပဋိပတ္တိသာသနာပြုသွားရန် တစ်ဖန်၍ တာဝန်ပေးလိုက်ပါသည်။ ထိုသို့ သာသနာပြုရာတွင် တဖက်မှ မလိုလားသူတို့က နှောင့်ယှက်ရန် စီစဉ်ပြုလုပ်ကြောင်း ကြားသိရပါသည်။

သို့ဖြစ်ပါ၍ ဒိုက်ဦး မဟာစည်သာသနာ့ရိပ်သာ၌ အရှင်စန္ဒာဝရ အေးချမ်းစွာ သာသနာပြုနိုင်ရန်အတွက် စောင့်ရှောက်ကူညီပါရန် ဆရာတော်က မေတ္တာရပ်ခံလိုက်ပါသည်။

(အရှင်သောဘန)
မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ၊ ရန်ကုန်။